## သရက်ခရိုင် အောင်လံမြို့တွင်ပြုလုပ်ခဲ့သော အမျိုးသားရေးတွေ့ဆုံပွဲမှ သူတို့၏ပြောကြားချက်များ

ဇူလိုင်လ ၇ရက်နေ့ နံနက်ပိုင်းတွင် သရက်ခရိုင်၊ အောင်လံမြို့ သိမ်ကုန်းဓမ္မာရုံတွင် ပြည်ထောင်စု မြန်မာနိုင်ငံရေး အင်အားစုများ အမျိုးသားရေးတွေ့ဆုံရှင်းလင်းပွဲတစ်ရပ်ပြုလုပ်ခဲ့ရာ မြို့နေလူထု ၆၀၀ကျော် တက်ရောက်ခဲ့ကြသည်။ အဆိုပါ အမျိုးသားရေးတွေ့ဆုံပွဲတွင် အမျိုးသားရေးအင်အားစုများ၏ ပြောကြားချက်အချို့ကို နန်းမြင့်မှဖော်ပြလိုက်ပါသည်။



### ဦးလှစိုး(တစ်သီးပုဂ္ဂလနှင့်အမျိုးသားညီလာခံကိုယ်စားလှယ်)

ကျွန်တော်က တပ်မတော်သားဟောင်းတစ်ဦးဖြစ်ပါတယ်။ တပ်မတော်တာဝန် အနေနဲ့လည်း ဒီ မကွေးတိုင်းမှာ တာဝန်ထမ်းဆောင်ခဲ့ဘူးပါတယ်။ တပ်မတော်ဟာ မြန်မာနိုင်ငံရဲ့ အမျိုးသား နိုင်ငံရေးအင်အားစုရှေ့မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့က တကယ်တော့ NLD က ရွေးထားတဲ့ အမတ်တွေ မဟုတ်ပါဘူး။



### ဦးဘိုမောင်း (စစ်ကိုင်းတိုင်း ဒီမို NLD)

အမေရိကားက ကျွန်တော်တို့ မြန်မာနိုင်ငံကို လူ့အခွင့်အရေးတွေ ချိုးဖေါက်တယ်လို့ ပြောပါတယ်။ ကျွန်တော်တို့ လူ့အခွင့်အရေး မချိုးဖေါက်ပါဘူး။ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးတွေနဲ့ လူအခွင့်အရေးတွေရှိတယ်။ ကျွန်တော်တို့ နိုင်ငံကိုချိုးဖောက်တာ သူတို့ ဘာလဲဆိုတော့ စီးပွားရေးပိတ်ဆို့တယ်၊ လုပ်ပိုင်ခွင့်တွေ ပိတ်ဆို့တယ်၊ တိုးတက်မှုတွေ ဟန့်တားတယ်၊ ဒီဟန့်တားမှုတွေက ဘယ်ကလာသလဲဆိုတော့ အခြေခံကျွန်တော်တို့ မိခင်ဖြစ်တဲ့ NLD ကနေပြီးတော့ အဆိုတင်သွင်းတယ်၊ ပိတ်ဆို့ခိုင်းတယ်။ ပြည်သူလူထုတွေက ယနေ့ အဲဒီအခက်အခဲကြားကနေပြီးတော့ ခံစားနေရတယ်။ NLD က အစိုးရနဲ့ အတိုက်အခံလုပ်တယ်။ အငြင်းအခုံလုပ်တယ်။



### ဦးသိန်းကြည် (တစ်သီးပုဂ္ဂလနှင့် အမျိုးသားညီလာခံကိုယ်စားလှယ်)

ကျွန်တော်တို့အဖွဲ့ဘာပြောသလဲ အစ်မ– အစ်မယောကျ်ားနဲ့ကွဲလိုက်ပါ။ ဘာလို့ဒီစကားပြောသလဲ အစ်မ ယောကျ်ားနဲ့သာကွဲရင် ရွေးကောက်ပွဲမှာရွေးချယ်ခံဖို့အတွက် ပြည့်မီသွားမယ်။ အခုအချိန်မှာ အနှစ် ၂၀ကျော်သွားပြီ။ ဒေါ်အောင်ဆန်းစုကြည် မြန်မာပြည်မှာနေတာ ယောကျ်ားနဲ့သာ ကင်းကင်းကွာကွာနေမယ်ဆိုရင် နိုင်ငံခြားက အထောက်အပံ့ပေးတယ် ဆိုတဲ့ ဟာလေး ပျောက်သွားလိမ့်မယ်။

သူဘာပြောသလဲ ကျွန်မ အခုထိကွာတုန်းပဲ၊ ကွဲနေတာဘဲ ဘာထူးသလဲ။ အများကြီးထူးတယ် ဥပဒေအရ ဒီနေ့မိုက်ကယ်အဲရစ် သေသွားပြီ၊ ကျန်ခဲ့တဲ့ စည်းစိမ်ဥစ္စာ ဘယ်သူပိုင်သလဲ အမွေစား အမွေခံကသူဘဲ၊ အဲဒီတစ်ချက်တည်းနဲ့ ဒေါ်အောင်ဆန်းစုကြည်ဟာ နောင်လာမယ့် ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ နိုင်ငံတော်ကို ချစ်ပါတယ်လို့ မိုးပျံအောင် ချစ်ပြောသော်လည်းပဲ ဥပဒေအရရွေးကောက်ပွဲမှာ ရွေးချယ်ပိုင်ခွင့် ဥပဒေမရှိတော့ပါဘူး။

### ဦးကြည်ဝင်း (တစ်သီးပုဂ္ဂလနှင့် အမျိုးသားညီလာခံကိုယ်စားလှယ်)



တိုင်းရင်းသားတွေဟာ မိဘဘိုးဘွား စဉ်ဆက် တည်လာခဲ့တဲ့ သူတို့ရဲ့လူမျိုးကို မပျောက်ပျက်စေချင်ဘူး။ ဟို ကမ္ဘာအဆုံးတဲ့အထိ သူတို့နေသွားချင်တယ်။ ကျန်တဲ့ တိုင်းရင်းသားတွေလည်း သူတို့လူမျိုးအစဉ်အဆက်ကို မပျောက်ကွယ်သွားချင်ဘူး။ အဲဒီလို နေသွားချင်ကြတယ်။ ဒါဟာ သူတို့ရဲ့ဆန္ဒတစ်ခု၊ နောက်တစ်ခုက သူတို့ရဲ့ ဓလေ့ထုံးတမ်း ယဉ်ကျေးမှုအနုပညာ၊ ဘာသာစကား အဲဒီအပေါ်မှာ တန်ဘိုးထားမြှင့်တင်လိုကြတယ်။ သူတို့နေထိုင်တဲ့နယ်မြေကို အလေးထားတန်ဘိုးထားတယ်။ ကိုယ့်လူမျိုး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို လူမျိုးတိုင်းရချင်တယ်။



### ဦးလှမြင့် (အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး)

ဗီယက်နမ်မှာ လူ ၆၊ဦးကိုဆိုင်ကယ်တစ်စီး စီးနိုင်တယ်။ ကျွန်တော်တို့နိုင်ငံမှာ လူ ၁၀၀၀ကို ဆိုင်ကယ်တစ်စီးပဲ စီးနိုင်တယ်။ အနောက်နိုင်ငံတွေက မြန်မာနိုင်ငံကို စီးပွားရေးပိတ်ဆို့မှု ပြုလုပ်နေတာဟာ သူတို့ရဲ့ ဝန်ထုပ်ဝန်ပိုးဖြစ်နေကြတာကိုး။ လေးလေးနက်နက် ပြန်ပြီးစဉ်းစားကြပါ။ စီးပွားရေးပိတ်ဆို့မှုဟာ မကောင်းဘူးဆိုတာလဲ ကျွန်တော်တို့အားလုံးက သိမြင်ဖို့ လိုပါတယ်။ တတ်နိုင်သလောက် အမျိုးသားရေးအတွက် ညှိညှိနှိုင်းနှိုင်း၊ ညီညီညွတ်ညွတ်လုပ်ကြပါ။

### ဦးအုန်းလွင် (နိုင်ငံရေးဘောဂဗေဒလေ့လာရေး မျိုးဆက်ကျောင်းတော်သားစု)



နိုင်ငံရေးကို ထဲထဲဝင်ဝင် အခြေအမြစ်မသိဘဲ နိုင်ငံရေးဆောင်ရွက်ခဲ့ရင် လိမ်နည်း(၃)မျိုး ခံရမယ်။ ပထမ ကိုယ့်ကိုကိုယ် လိမ်မယ်။ ဒုတိယ ကိုယ်က သူတစ်ပါးကို လိမ်မိမယ်။ တတိယ သူတစ်ပါးလိမ်တာကိုခံရလိမ့်မယ်။ အခုကျွန်တော်တို့ဖြတ်သန်းလာရတဲ့ ကာလတစ်လျှောက်မှာ ပြည်သူတွေရော ကျွန်တော်တို့တတွေရော နိုင်ငံရေးသမားတွေရော ကနေ့အထိအလိမ်ခံ နေရဆဲဖြစ်တယ်။

ဒါကြောင့် ပြည်သူတွေကို တပ်လှန့်နှိုးဆော်နေတာက ပြည်သူတွေအတွင်းမှာ အမျိုးသားစိတ်ဓာတ်တွေ ရှင်သန်ပေါက်ဖွားဖို့လိုနေပြီ။ အချိန်ကာလ ရောက်နေပြီဆိုတာကို တစ်နိုင်ငံလုံး တပ်လှန့်နှိုးဆော် လှည့်လည်နေတာဖြစ်ပါတယ်။ ထိပ်တိုက်ရင်ဆိုင်မှု မှန်သမျှသည် ပြည်သူလူထုအတွက်ဆိုးကျိုးများကိုသာဖြစ်ပေါ်စေပါတယ်။

### ဒေါက်တာစိုးလင်း (ဝံသာနု NLD ပြည်ထောင်စုမြန်မာနိုင်ငံ)



မကြာခင်ကာလမှာပဲ ကျွန်တော်တို့မျှော်မှန်းချက်ဖြစ်တဲ့ ပြည်ထောင်စုသမ္မတနိုင်ငံတော်ကြီး ပေါ်ပေါက်လာမှာ ဖြစ်တယ်။ Road Map အဆင့် (၇)ဆင့်ကို နိုင်ငံတော်က ချပြတယ်။ ကျွန်တော်တို့ကြိုက်တယ်။ (၉၈)ခုနှစ်ကတည်းက မိခင်ပါတီ အဖွဲ့ချုပ်က ဒိုင်ယာလော့ကို အသေကိုင်တယ်။ တဖက်သတ်လွှတ်တော်ခေါ်မယ် ပြောတယ်။

ဒီကာစပြီးတော့ ရှေ့မတိုးသာ နောက်မဆုတ်သာ နိုင်ငံရေးဖြစ်စဉ်ကြီးဟာ (၂၀၀၄)ခုနှစ်မှာ နည်းလမ်းတွေ ပေါ်နေပြီဆိုပြီး၊ ဝံသာနုအဖွဲ့ဝင်ဖြစ်မယ့် ဝံသာနုက (၂၀၀၇)လွှပ်လပ်ရေးနေ့မှာ ကြေငြာခဲ့တာဖြစ်တယ်။ ကျွန်တော်တို့ဝံသာနုက အမျိုးသားနိုင်ငံရေးတွေ လုပ်ကြတယ်။ NGO အဖွဲ့များနဲ့ ရင်းရင်းနှီးနှီးပေါင်းတယ်။ တပ်မတော်ကိုမထိခိုက်ပြု လူထုအကျိုးပြု လိုလားတဲ့ အမျိုးသားရေးအင်အားစုကဆိုပြီး (၂၀၀၄)ခုနှစ်က စပြီးထောက်ခံခဲ့တာဖြစ်တယ်။

## ဦးတင်ဝင်း (တစ်သီးပုဂ္ဂလနှင့် အမျိုးသားညီလာခံကိုယ်စားလှယ်)



ဖွဲ့စည်းပုံအခြေခံဥပဒေကြီးဟာ ပြည်သူလူထု ရွေးချယ်ပေးလိုက်တဲ့ ပြည်သူ့ကိုယ်စားလှယ်တွေက ၇၅ရာခိုင်နှုန်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းတာက ၂၅ရာခိုင်နှုန်း၊ နိုင်ငံတော်သမ္မတကို ရွေးချယ်မယ်။ အဲဒီတော့ခင်ဗျားတို့တွက်ကြည့် ၊ ခင်ဗျားတို့တင်သွားတာ ၇၅ရာခိုင်နှုန်း၊ ကာကွယ်ရေးဦးစီးချုပ်က ၂၅ရာခိုင်နှုန်း၊ ၇၅ ယောက်နဲ့ ၂၅ယောက်မှာ ဘယ်သူ့ကို ရွေးချယ်မိမလဲ။ ရွေးချယ်ခွင့်ဘယ်သူက အများဆုံးရမလဲ။ ဒါဟာ စစ်တပ်ကို သက်ဆိုးရှည် အောင်လုပ်ပေးနေတဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေကြီးလား။ ဒါ ကျွန်တော်တို့အနေနဲ့ အဖြူလား/အမဲလား သိဖို့လိုပါတယ်။

## ဦးလှသိန်း (ခေတ်သစ်နိုင်ငံရေးဘောဂဗေဒလေ့လာရေး)



ကျွန်တော်တို့ နိုင်ငံရေး စည်းကမ်းပြည့်ဝပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီတည်ဆောက်ရေးမှာ ဘာတွေလိုအပ် သလဲ။ (၁) ကုန်ထုတ်အင်အားစုတွေတိုးတက်ဖို့လိုအပ်မှာဖြစ်ပါတယ်။ (၂) အခြေခံလူတန်းစားတွေ အဆင့်အတန်းတွေ တိုးတက်ဖို့လိုအပ်မှာဖြစ်ပါတယ်။ (၃) ကျွန်တော်တို့ပညာဉာဏ် ဖွံ့ ဖြိုးပြီးတော့ စည်းကမ်းပြည့်ဝတဲ့ ခေတ်မီနိုင်ငံတော်ကို ပူးပေါင်း ဆောင်ရွက်နိုင်တဲ့ အခြေအနေ အနေအထား ဒီအခြေခံ (၃)ရပ်လိုအပ်မှာဖြစ်ပါတယ်။

အဲဒီတော့ ယနေ့ ကျွန်တော်တို့ နိုင်ငံတော်ကို စည်းကမ်းပြည့်ဝပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်အဖြစ် တည်ဆောက်လိုတယ်ဆိုရင် ဒီအခြေခံ (၃)ရပ်ကို ကျွန်တော်တို့ အင်အားစုနဲ့ စုပေါင်းလှုံ့လပြုပြီး အကောင်အထည်ဖော်နိုင်ဖို့ ဒီနေ့ လိုအပ်နေတဲ့ ကာလဖြစ်ပါတယ်။

## ဒေါ်နန်းရွှေကြာ (နုတ်ထွက် NLD ၊ မန္တလေးတိုင်း)



ဒေါ်အောင်ဆန်းစုကြည်ရဲ့ နိုင်ငံရေးကစားကွက်ထဲမှာ ကျွန်မတို့ရဲ့ အဖွဲ့ချုပ် အဖွဲ့ဝင်တွေဟာ နယ်ရုပ်ကလေးသဖွယ် အမြဲတမ်းချကျွေးခံခဲ့ရပါတယ်။ ဒီလို ချကျွေးခံရလို့လဲ ကျွန်မတို့ဟာ ခဏခဏ မကြာမကြာ အမြဲတမ်းဖမ်းဆီး ထိန်းသိမ်းခံခဲ့ရပါတယ်။ အဲဒီတုန်းကတော့ ကျွန်မတို့က ကိုယ့်ကိုယ်ကိုယ် ဒီလိုထိန်းသိမ်းခြင်းခံရခြင်းသည် ကျွန်မတို့က ပြည်သူတွေအတွက် ငါလုပ်ပေးချင်တဲ့ ဒီမိုကရေစီနိုင်ငံရေးရအောင် လုပ်ပေးနိုင်မယ့် သူရဲကောင်းလို့ ကိုယ့်ကိုယ်ကိုယ် ထင်ခဲ့မိတယ်။

ဒါပေမယ့်အခုချိန်အထိ ကျွန်မတို့ ဖြတ်သန်း လာခဲ့ရတဲ့ ကာလတစ်လျှောက်လုံးမှာ ကျွန်မတို့ ပြည်သူတွေလိုလားတဲ့ ဒီမိုကရေစီ နိုင်ငံရေးကို ပြုပြင်ပြောင်းလဲဖော်ဆောင် ပေးနိုင်ခြင်းမရှိတာ အခုတက်ရောက်လာကြတဲ့ပုဂ္ဂိုလ်တွေ အားလုံးလည်းသိပြီး ဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့ အတူပါလာတဲ့ ဗဟိုလူငယ် အဲဒီတုန်းက ကိုဇော်ဇော်ပေါ့။ သူတို့ရဲ့ ဦးဆောင်မှု၊ သူတို့ရဲ့ ဆုံးဖြတ်ချက်များကိုသာ ဒေါ်စုကြည်ကနားထောင်ဆောင်ရွက်ခဲ့တာဖြစ်တယ်။ ဒီလိုနားထောင်ဆောင်ရွက်ခဲ့ခြင်းကြောင့် နောက်ဆုံးမဖြစ်သင့်တဲ့ မေ ၃၀ အရေးအခင်း ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ဟာ တိုက်ပွဲကိုနိုင်အောင် မတိုက်နိုင်တဲ့အတွက်ကြောင့် ကျွန်မတို့ရဲ့ လက်အောက်ငယ်သားတွေ တစ်ယောက်ပြီးတစ်ယောက် ဆုံးရှုံး ကျရှုံးရတာဟာလည်း သူ့ကြောင့်ဘဲလို့ ကျွန်မပြောချင်ပါတယ်။ ကျွန်မတို့ရဲ့လုပ်ကိုင်နေတဲ့ နိုင်ငံရေးဖြစ်စဉ်တွေကို လုံးဝတင်ပြခွင့်မရခဲ့ပါဘူး။ အောင်မြင်မှုမရှိတဲ့ အထက်ကချပေးလာသော ဆုံးဖြတ်ချက်တွေအပေါ်မှာ ကျွန်မတို့တစ်တွေ လိုက်လုပ်ခဲ့ရတာ နှစ်ပေါင်း ၁၅/၁၆နှစ် ဖြတ်သန်းလာခဲ့ရတာ ယနေ့ထိမအောင်မြင်ခဲ့ပါဘူး။